မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

February 3 , 2025 | Volume 87 , Number 1

၃.၂.၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၁၅၁.၇၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၃၆.၄၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၈၄.၇၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၂၈၉.၀၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၉.၆၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၁၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၃.၂၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၉.၁၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၆၈ ကျပ် |

Source: CBM Rate, etrademyanmar.com

## ဆောင်းမြေပဲများ စတင်ရိတ်သိမ်းရာ အထွက်နှုန်းကောင်း၊ ဈေးကောင်းရနေ



ဆောင်းမြေပဲများ စတင်ရိတ်သိမ်းရာ အထွက်နှုန်းကောင်း၊ ဈေးကောင်းရသဖြင့် တောင်သူများအဆင်ပြေကြောင်း မြေပဲစိုက် တောင်သူများထံမှ သိရသည်။

ရောဂတီမြစ်အတွင်း မြေနုကျွန်းကျေးရွာများတွင် အဓိကစိုက်ပျိုးသည့် ဆောင်းမြေပဲများကို စက်တင်ဘာလကုန်ပိုင်းက စတင်စိုက်ပျိုးရာ ဇန်နဝါရီလကုန်ပိုင်းတွင်စတင်ရိတ်သိမ်းနေပြီဖြစ်ကြောင်း၊ ယခုနှစ် ဆောင်းစိုက် မြေပဲမှာ တစ်ဧကအထွက်နှုန်း မြေပဲတင်း ၅၅ -၆၀ ခန့်ထွက်ရှိကြောင်း၊ လက်ရှိ မြေပဲဆန်တစ်ပိဿာ ငွေကျပ် ၈၆၀၀ ခန့် ပေါက်ဈေးရှိသောကြောင့် တစ်ဧကငွေ ကျပ် ၁၀သိန်းခန့် အကျိုးအမြတ်ရရှိကြောင်း ပုသိမ်ကြီးမြို့နယ် သံဘိုကျွန်းကျေးရွာမှ မြေပဲစိုက်တောင်သူတစ်ဦးက ပြောသည်။

“ ဆောင်းမြေပဲများစတင် ရိတ်သိမ်းနေပါပြီ၊ တစ်ဧကမြေပဲ တင်း ၅၅ ၆၀ လောက်တော့ထွက်ရှိပါတယ်။ အစေ့အဆန်လည်းအောင်ကြပါတယ်။ မကွေးအထွက်တိုးနီမျိုးကို စိုက်ပျိုးပါတယ်။ တစ်ဧကစိုက်ပျိုးစရိတ် ငွေကျပ် လေးသိန်းလောက် ကုန်ပါတယ်။ လက်ရှိပေါက်ဈေးက မြေပဲဆန်တစ်ပိဿာ ငွေကျပ် ၈၆၀၀ ပေါက်ဈေးနဲ့တွက်ရင်ငွေ ကျပ် ၁၀ သိန်းလောက်တော့ အမြတ်ကျန်ပါတယ်။ ဒီနှစ်ကကန်စွန်းဥက ဈေးအကောင်းဆုံးဖြစ်တော့ တောင်သူတွေအဆင်ပြေသလို မြေပဲဆန်ကလည်း အထွက်နှုန်းကောင်းတော့ တောင်သူတွေ အဆင်ပြေပါတယ်” ဟု ၎င်းက ပြောသည်။

ရောဂတီမြစ်အတွင်းရှိ မြေနုကျွန်းကျေးရွာများတွင် ယခုနှစ် ကန်စွန်းဥနှင့်ဆောင်းမြေပဲကို အဓိကစိုက်ပျိုးကြပြီး ကန်စွန်းဥမှာ ယခုနှစ်ဈေးကောင်းရရှိကြရာ တစ်ဧက ငွေကျပ်သိန်း ၄၀ -၅၀ခန့် အကျိုးအမြတ် ရရှိသလို ဒုတိယသီးနှံဆောင်းမြေပဲမှာလည်း အထွက်နှုန်းနှင့် ဈေးကောင်းရရှိသောကြောင့် မြေပဲတစ်ဧကလျှင် ငွေကျပ် ၁၀သိန်းခန့် အကျိုးအမြတ် ရရှိကြကြောင်း သိရသည်။

**Source : မကွေးဂျာနယ်**

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## သာယာဝတီမြို့ရှိ ဒေသခံပြည်သူများ မိရိုးဖလာမြေအိုးလုပ်ငန်းဖြင့် အဆင်ပြေ



ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နှင့် ၇ မိုင်ကွာဝေးသော ဖိုးခေါင်ကျေးရွာရှိ အိမ်ထောင်စုများသည် မိရိုးဖလာအိုးလုပ်ငန်းဖြစ်သော မြေအိုးအမျိုးမျိုးလုပ်ကိုင်ကာ အသက်မွေးဝမ်းကျောင်း ပြုလုပ်ပြီး မိသားစုစားဝတ်နေရေး အဆင်ပြေလျက်ရှိကြောင်း သိရသည်။

မြေအိုးအမျိုးမျိုးပြုလုပ်ရာတွင် ရှေးဦးစွာ ရွာ၏အပြင်ဘက်ရှိ မြေကျင်းမှ မြေနီ၊ မြေစေးတို့ကို လှည်းဖြင့်တိုက်၍ မိမိတို့နေအိမ်တွင် စုပုံထားရကြောင်း၊ အိုးပြုလုပ်ရန် နုန်းမြေတစ်ဆမြေနီနှစ်ဆ မြေစေး တစ်ဆတို့ကိုရော၍ အင်တုံထဲတွင်ထည့်ကာ စိမ်ထားရကြောင်း၊မြေများနူးလာပါက စေးသွားစေရန်ဖျာပေါ်သို့ပုံ၍ ခြေထောက်ဖြင့် အကြိမ်ကြိမ်နင်းနယ်ရကြောင်း၊ ထို့နောက် လက်လှည့်ဆုံပေါ်တွင်တင်ကာ မိမိပြုလုပ်လိုသော အိုးပုံစံကိုလက်ဖြင့် ပုံဖော်၍ အဆင့်ဆင့်ပြုလုပ်ပြီးမှ မီးဖုတ်ရကြောင်း သိရသည်။

အဆိုပါ ဖိုးခေါင်ကျေးရွာမှထွက်ရှိသောအိုးများကို အိုးအမျိုးအစားအလိုက် ဈေးနှုန်းအသီးသီးဖြင့် သာယာဝတီမြို့သို့ သွားရောက်ရောင်းချရာ မိသားစုစားဝတ်နေရေးအဆင်ပြေလျက်ရှိကြောင်း ဖိုးခေါင်ကျေးရွာနေ မြေအိုးအမျိုးမျိုးလုပ်ကိုင်သူတစ်ဦးက ပြောပြသည်။

Source : https://myawady.net.mm/

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၂၇-၁-၂၀၂၅ မှ ၃၁-၁-၂၀၂၅ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ပဲနှင့်အခြားကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲ(တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၃,၀၃၀,၀၀၀၊ မတ်ပဲ SQ/RC (2024 Crop) ကျပ် ၃,၃၇၀,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကျပ် ၂,၈၂၅,၀၀၀ ဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း မတ်ပဲ FAQ/ RC(2024Crop) ကျပ် ၂၃,၀၀၀ ၊ မတ်ပဲ SQ/RC (2024 Crop)ကျပ် ၁၃,၀၀၀ နှင့် ပဲစင်းငုံ Red/RC (2024 Crop )ကျပ် ၇,၀၀၀ အသီးသီး ဈေးမြင့်တက်ခဲ့သည်။

ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကွန်တိန်နာ ၈၀ လုံး (တန်ချိန် ၁၉၂၀) နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကွန်တိန်နာ ၂၀ လုံး (တန်ချိန် ၄၈၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၆၀ လုံး (တန်ချိန် ၁၄၄၀) ဝင်ရောက်ခဲ့ သောကြောင့် ယခင်အပတ်ထက် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၂၀ လုံး (တန်ချိန် ၄၈၀) လျော့နည်းဝင်ရောက်ပြီး ပဲစင်းငုံ Red/ RC(2024 Crop) ကွန်တိန်နာ ၂၀ လုံး (တန်ချိန် ၄၈၀) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ငရုတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ငရုတ်သီး ( တစ်ပိဿာ ) ဈေးနှုန်းများမှာ ပန်းရဲငရုတ် (သစ်) AC ကျပ် ၅,၅၀၀၊ မြားနီ ကျပ် ၅,၅၀၀ ၊ပန်းတနော်ရှည် ကျပ် ၄,၀၀၀၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၁၁,၀၀၀ နှင့် မိုးထောင်မြစ်ဝပု ကျပ် ၁၃,၅၀၀ ဈေးအသီးသီး ဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ငရုတ်သီးများ ဈေးငြိမ်လျက်ရှိသည်။

ကုန်စည်ဒိုင်သို့ ယခင်အပတ်က ငရုတ်ရှည် အိတ်ပေါင်း ၂၇၀၀ (၅၄,၀၀၀ ပိဿာ) နှင့် ငရုတ်ပုအိတ်ပေါင်း ၃၅၀ (၅,၂၅၀ ပိဿာ )ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ငရုတ်ရှည် အိတ်ပေါင်း ၄၇၀၀ (၉၄,၀၀၀ ပိဿာ) နှင့် ငရုတ်ပု အိတ်ပေါင်း ၃၀၀ (၄,၅၀၀ ပိဿာ )ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ငရုတ်ရှည် အိတ်ပေါင်း ၂၀၀၀ (၄၀,၀၀၀ ပိဿာ)ပိုမိုဝင်ရောက် ခဲ့ပြီး ငရုတ်ပုအိတ်ပေါင်း ၅၀ (၇၅၀ ပိဿာ)လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီးပွင့်ကပ် (သစ်) ကျပ် ၈၅၀၀ နှင့်

မန်ကျည်းအသား(သစ်) ကျပ် ၁၃၀၀၀ နှင့် မန်ကျည်းသီး(ရမည်းသင်းဒါးဇင်း) ကျပ် ၆၅၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း မန်ကျည်းသီးများဈေးငြိမ်လျက်သည်။

**ထန်းလျက်၊ ကြံသကာနှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့်သကြား(တစ်ပိဿာ) ဈေးနှုန်းများမှာ တောင်သာမလိုင်(ဒုံး) ကျပ် ၇၂၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၇၃၀၀၊ ပခုက္ကူကြမ်း ကျပ် ၇၂၀၀၊ ရေစကြို ထန်းလျက်(ချော) ကျပ် ၈၅၀၀၊ ကြံသကာ ကျပ် ၅၆၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၅၁၀၀ ဈေးအသီးသီး ဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း **ထန်းလျက်၊ ကြံသကာနှင့်သကြား** များဈေးငြိမ်လျက်ရှိသည်။

Source: ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၂၇-၁-၂၀၂၅ မှ ၃၁-၁-၂၀၂၅ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် အာလူးဈေးနှုန်းများ

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့်မြင်းခြံမြို့တို့မှ ကြက်သွန်နီများနေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၂၉၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၂၉၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၂၈၀၀၊ ဆိပ်ဖြူလတ်ချော ကျပ် ၁၈၀၀၊ မြင်းခြံသစ်ရှယ် ကျပ်၂၃၀၀၊ မြင်းခြံလတ်ကြီး ကျပ် ၂၇၀၀၊ မြင်းခြံလတ်သန့် ကျပ် ၂၅၀၀ နှင့် မြင်းခြံလတ်ချော ကျပ် ၁၈၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ဆိပ်ဖြူရှယ် ကျပ် ၁၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၁၀၀ ဈေးကျဆင်းခဲ့ပြီး မြင်းခြံသစ်ရှယ် ကျပ် ၃၀၀၊ မြင်းခြံလတ်သန့် ကျပ် ၂၀၀ နှင့် မြင်းခြံလတ်ချော ကျပ် ၂၀၀ အသီးသီးဈေးကျဆင်းခဲ့သည်။

ကုန်စည်ဒိုင်သို့ ကြက်သွန်နီဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၃၅ စီး (၈၁၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၁၁၅ စီး (၆၉၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၂၀ စီး (၁၂၀,၀၀၀ ပိဿာ)လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်မြို့ နှင့် အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက် လျက်ရှိရာ ကြက်သွန်ဖြူ(တစ်ပိဿာ)ဈေးနှုန်းများမှာ ကြူကုတ်(ရှယ်) ကျပ် ၁၅,၅၀၀၊ အောင်ပန်း ထူး-၂ ကျပ် ၁၀,၈၀၀၊ အောင်ပန်းထူး-၃ ကျပ် ၁၁,၇၀၀၊ အောင်ပန်းထူး-၄ ကျပ် ၁၂,၅၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၁၂၈၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ကြူကုတ်(ရှယ်) ကျပ် ၁၀၀၀၊ အောင်ပန်း ထူး-၂ ကျပ် ၁၈၀၀၊ အောင်ပန်းထူး-၃ ကျပ် ၁၂၀၀၊ အောင်ပန်းထူး-၄ ကျပ် ၁၀၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၈၀၀ အသီးသီးဈေးကျဆင်းခဲ့သည်။

ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ် ၂၄၀၀ (၇၂,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင်လည်း ကြက်သွန်ဖြူအိတ် ၂၄၀၀ (၇၂,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ ကြောင်းသိရသည်။

**အာလူး**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ တရုတ်မှအာလူးများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ အာလူး(တစ်ပိဿာ) ဈေးနှုန်းများမှာ တရုတ်အာလူး ကျပ် ၄၅၀၀ ဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း တရုတ်အာလူး ကျပ် ၅၀၀ ဈေးမြင့်တက်ခဲ့သည်။

ကုန်စည်ဒိုင်သို့ အာလူးဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၂၄ စီး (၁၄၄,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၂၂ စီး (၁၃၂,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၂ စီး (၁၂,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ဖရဲသီးများကို တရုတ်သို့မတင်ပို့နိုင်သည့်အတွက် ပြည်တွင်းဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေရ



ပြည်တွင်း၌ စိုက်ပျိုးထွက်ရှိသည့် ဖရဲသီးများကို တရုတ်သို့မတင်ပို့နိုင်သည့်အတွက် ပြည်တွင်းဈေးကွက်ကိုသာ အဓိကတင်ပို့ရောင်းချနေရကြောင်း ဖရဲစိုက်တောင်သူများထံက သိရသည်။

ယခုထွက်ရှိနေသည့်ဖရဲသီးအားလုံးကို ရန်ကုန်သီရိမင်္ဂလာဈေးနှင့် တညင်းကုန်းဈေးကိုအဓိကတင်ပို့ရောင်းချနေရခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာ့ဖရဲသီးကို တရုတ်သို့ အဓိကတင်ပို့နေခြင်းဖြစ်ကာ ယခင်လမ်းကြောင်းဖြစ်သည့် ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ မိုင်းလားတာလော့ဂိတ်မှ ကုန်သွယ်ခွင့်ခက်ခဲသည့်အခြေအနေများကြောင့်တင်ပို့နိုင်ခြင်းမရှိကြောင်း သိရသည်။

လက်ရှိတွင် ရန်ကုန်ဈေးကွက်ထဲသို့ စစ်ကိုင်းတိုင်းဒေသကြီး ၊ မုံရွာ၊ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်း၊ မိတ္ထီလာစသည့် ဒေသများက နေ့စဉ် ဖရဲသီး တန်ချိန် ၁၇၀၀ မှ ၂၀၀၀ ထိ ဝင်ရောက်မှုရှိနေကြောင်း၊ ယင်းမှတစ်ဆင့် ဧရာဝတီတိုင်းဒေသကြီး ပဲခူးတိုင်းဒေသကြီး ၊ မွန်ပြည်နယ်ဘက်သို့ ပြန်လည် တင်ပို့ရောင်းချနေကြခြင်းဖြစ်ကြောင်း သိရသည်။

ဖရဲသီးကို ပြည်ပတင်ပို့မှုအနေဖြင့်တရုတ်ကိုသာနယ်စပ်လမ်းကြောင်းမှတစ်ဆင့် အဓိကတင်ပို့ရခြင်းဖြစ်ပြီး လက်ရှိ ပြည်တွင်း လက်လီဈေးကွက်၌ ဖရဲသီး တစ်လုံးလျှင် ၃၀၀၀ မှ ၅၀၀၀ ကျပ်ရှိကြောင်း သိရသည်။

Source : https://www.popularmyanmar.com/

## တညင်းကုန်းလက်ကားဈေးကြီး၌ နယ်စုံမှထွက်ရှိသော ရာသီပေါ်သစ်သီးဝလံများ လှိုင်လှိုင်ဝင်ရောက်ကာ လာရောက်ဝယ်ယူသူများဖြင့် စည်ကားလျက်ရှိ



ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ တညင်းကုန်း လက်ကားဈေးကြီး၏ ဈေးရုံအမှတ် ၁ တွင် နယ်စုံမှထွက် ရှိသော သစ်သီးဝလံများကို အဓိကရောင်းချပြီး ယခုအခါ အဆိုပါဈေးကြီး၌ ရာသီပေါ် သစ်သီးများ လှိုင်လှိုင်ဝင်ရောက်လျက်ရှိရာ လာရောက်ဝယ်ယူသူများ ဖြင့် စည်ကား လျက်ရှိကြောင်း သိရသည်။

တညင်းကုန်းလက်ကားဈေးကြီးတွင် ဒေသအသီးသီးမှ ထွက်ရှိသော ကုန်မျိုးစုံ၊ ကုန်ခြောက်မျိုးစုံ၊ သစ်သီးဝလံများ၊ ဟင်းသီးဟင်းရွက်များနှင့် ရာသီပေါ်သီးနှံများကို လက်လီလက်ကားရောင်းချပေးလျက်ရှိပြီး လက်ရှိ တညင်းကုန်းလက်ကားဈေးကြီးရှိ ဈေးရုံငါးရုံတွင် ဆိုင်ခန်းပေါင်း ၇၆၀၀ ကျော် ဖွင့်လှစ်ထားကြောင်း သိရသည်။

“ဈေးရုံအမှတ် ၁ မှာ ဆိုင်ခန်းပေါင်း ၁၀၀၀ လောက်ရှိပြီးတော့ အဲဒီဈေးရုံမှာ သစ်သီးဝလံတွေကို အဓိကရောင်းချတာပါ။ လက်ရှိမှာ ရာသီပေါ်သီးနှံတွေဖြစ်တဲ့ စတော်ဘယ်ရီသီး၊ ထောပတ်သီး၊ လိမ္မော်သီး၊ စပျစ်သီး၊ ပျားလိမ္မော်၊ ဆီးသီးစတဲ့ သစ်သီးဝလံတွေ အများအပြားဝင်ရောက်လျက်ရှိပါတယ်။ အဓိက က ရှမ်းပြည်နယ်ဘက်က ဝင်ရောက်တာများပါတယ်"ဟု တညင်းကုန်း လက်ကားဈေးကြီးမှတာဝန်ရှိသူတစ်ဦးက ပြောသည်။

တညင်းကုန်းလက်ကားဈေးကြီး၏ ဈေးရုံအမှတ် ၁ တွင် သစ်သီးဝလံများ၊ ဈေးရုံအမှတ် ၂ တွင် ဟင်းသီးဟင်းရွက်များ၊ ဈေးရုံအမှတ် ၃ တွင် မီးဖိုချောင်သုံးကုန်မျိုးစုံနှင့်ကုန်ခြောက်ပစ္စည်းများ၊ ဈေးရုံအမှတ် ၄ တွင် ရာသီပေါ်သစ်သီးဝလံများနှင့် သားငါးများ၊ ဈေးရုံအမှတ် ၅ တွင် ဆန်၊ ဆီ၊ ကြက်သွန်နီ စသည့်အခြေခံ စားသောက်ကုန်ပစ္စည်းများကို ရောင်းချပေးလျက်ရှိသည်။

တညင်းကုန်းလက်ကားဈေးကြီးတွင် ဝန်ဆောင်မှုများအနေဖြင့်လုံခြုံရေးအတွက် ဈေးအတွင်းနေရာအနှံ့အပြားတွင် CCTV ကင်မရာများ တပ်ဆင်ထား ခြင်း၊ လုံခြုံရေးဝန်ထမ်းများဖြင့် နေ့ညမပြတ် စောင့်ကြပ်ကြည့်ရှုခြင်း၊ ၂၄ နာရီ လျှပ်စစ်မီး ရရှိစေ

ရန်ဆောင်ရွက်ပေးထားခြင်း၊ စားသောက်ဆိုင်များနှင့် အများသုံးသန့်စင်ခန်းများဖွင့်လှစ်ပေးထားခြင်းများ ဆောင်ရွက်ထားရှိကြောင်း၊ထို့ပြင် မြန်မာနိုင်ငံအနှံ့မှရန်ကုန်မြို့သို့လာရောက်၍ ကုန်ပစ္စည်းများသယ်ယူပို့ဆောင်ကြသော ကုန်တင်ယာဉ် အမျိုးမျိုး လုံခြုံစိတ်ချစွာ ညအိပ်ရပ်နားနိုင်စေရန် ဈေးဝင်းအတွင်း ၌ ယာဉ်ရပ်နားစခန်းကိုလည်း ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

**Source :** https://myawady.net.mm/

## ဆန်ကွဲ B(1,2)၊ B(2,3,4)၊ဖွဲ့နုဈေးများတည်ငြိမ်လျက်ရှိပြီး ညှော်မထဆန်(ဟောင်း /သစ်)၊ ပေါ်ဆန်းမွှေးဈေးများကျဆင်းလာ

ပဲခူးတိုင်းဒေသကြီးအနေဖြင့် ဆန်မျိုးစုံရောင်းဝယ်မှုအပိုင်းတွင် ကုန်ကြမ်းအနည်းအများ၊ ရန်ကုန်ဝယ်လက်နှင့်သုံးစွဲသူတို့၏ ဝယ်လိုအားအနည်းအများအပေါ်တွင်မူတည်၍ ဆန်နှင့်ဆန်ကွဲ၊ ဖွဲ့နုဈေးများ အတက်အကျ ဖြစ်ပေါ်လျက်ရှိသည်။

ပဲခူးကုန်စည်ဒိုင်အနေဖြင့် ဆန်မျိုးစုံ အရောင်းအဝယ်ဖြစ်လျက်ရှိရာ ၂၄.၁.၂၀၂၅ ရက်နေ့တွင် ညှော်မထဆန် (မနောသုခ)(ဟောင်း) တစ်အိတ် ၈၅,၀၀၀ကျပ်၊ ညှော်မထဆန်(မနောသုခ)(သစ်) တစ်အိတ် ၇၀,၀၀၀ ကျပ်၊ ပေါ်ဆန်းမွှေးဆန် တစ်အိတ် ၁၃၀,၀၀၀ကျပ်၊ ဆန်ကွဲ B(1,2) တစ်အိတ် ၅၀,၀၀၀ ကျပ်၊ ဆန်ကွဲ B(2,3,4) တစ်အိတ် ၄၅,၀၀၀ကျပ် နှင့် ဖွဲ့နုတစ်အိတ် ၁၉,၅၀၀ကျပ်တို့ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။

၃၁.၁.၂၀၂၅ ရက်နေ့တွင် ညှော်မထဆန် (မနောသုခ)(ဟောင်း) တစ်အိတ် ၈၀၀၀၀ကျပ်၊ ညှော်မထဆန်(မနောသုခ)(သစ်) တစ်အိတ် ၆၈,၀၀၀ ကျပ်၊ ပေါ်ဆန်းမွှေးဆန်တစ်အိတ်၁၁၀,၀၀၀ကျပ်၊ ဆန်ကွဲ B(1,2)တစ်အိတ် ၅၀,၀၀၀ ကျပ်၊ ဆန်ကွဲ B(2,3,4) တစ်အိတ် ၄၅,၀၀၀ကျပ် နှင့် ဖွဲ့နုတစ်အိတ် ၁၉,၅၀၀ကျပ်တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ယခုတစ်ပတ် ကာလတူနှိုင်းယှဉ်ချက်အရ ညှော်မထဆန်(မနောသုခ)(ဟောင်း) တစ်အိတ် ၅၀၀၀ ကျပ်၊ ညှော်မထဆန် (မနောသုခ)(သစ်) တစ်အိတ်၂၀၀၀ကျပ်၊ ပေါ်ဆန်းမွှေးတစ်အိတ် ၂၀,၀၀၀ကျပ် ဈေးကျ၍ ဆန်ကွဲB(1,2)၊ ဆန်ကွဲB(2,3,4) နှင့်ဖွဲ့နုဈေးများ တည်ငြိမ်လျက်ရှိသည်။

ညှော်မထဆန်(မနောသုခ)(ဟောင်း)၊ ညှော်မထဆန်(မနောသုခ)(သစ်)၊ ပေါ်ဆန်းမွှေးဆန်တို့ ဈေးကျ သွားခြင်းမှာ ကုန်ကြမ်းများပြားလျက်ရှိပြီး ဝယ်လိုအားနည်းခြင်းကြောင့် ဈေးကျဆင်းသွားခြင်း ဖြစ်ပါကြောင်း ပဲခူးကုန်စည်ဒိုင်ဥက္ကဋ္ဌထံက သိရသည်။

Source : ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး

https://myantrade.gov.mm/

## ကမ္ဘာ့နိုင်ငံများကြား ပြင်းထန်လာဖွယ်ရှိသည့် AI နည်းပညာယှဉ်ပြိုင်မှု




AI model များဖြစ်သည့် DeepSeek နှင့် ChatGPT တို့အား ယှဉ်ပြိုင်နိုင်ရန်အတွက် အိန္ဒိယနိုင်ငံက ၎င်းတို့၏ AI model တစ်ခုကို ယခု ၂၀၂၅ ခုနှစ် အကုန်ပိုင်းတွင် ထုတ်ဖော်ပြသမည်ဟု ကြေညာလိုက်သည်။

အိန္ဒိယနိုင်ငံအနေဖြင့် စိုက်ပျိုးရေးကဏ္ဍ၊ ရာသီဥတုပြောင်းလဲမှုလျော့ချရေး စသည့်ကဏ္ဍများတွင် AI နည်းပညာကိုအသုံးပြုဖြေရှင်းနိုင်ရေးကြိုးပမ်းလျက်ရှိရာ ဝန်ကြီးချုပ်နာရန်ဒရာမိုဒီ ဦးဆောင်သည့် အိန္ဒိယအစိုးရသည် လက်ရှိတွင် AI နည်းပညာမြှင့်တင်ရေးအဆိုပြုချက် ၁၈ ရပ်ကို အတည်ပြုလက်ခံပြီးဖြစ်သည်။

ထို့ပြင် ကိုယ်ပိုင် AI model ထုတ်လုပ်ရေးအတွက် ကြိုးပမ်းရာတွင်လည်း ယခုအခါ အခြေခံလိုအပ်ချက်များကို ထုတ်လုပ်ထားနိုင်သည့် အဆင့်သို့ရောက်ရှိနေပြီး နိုင်ငံ၏ထူးခြားသည့် အခြေအနေများနှင့် လိုအပ်ချက်များနှင့် ကိုက်ညီသည့် စနစ်တစ်ခုထုတ်လုပ်နိုင်ရန်အတွက် အာရုံစိုက်လုပ်ဆောင်လျက်ရှိရာ လာမည့် ၁၀ လအတွင်း AI model တစ်ခုကိုထုတ် ဖော်ပြသနိုင်မည်ဖြစ်ကြောင်း အိန္ဒိယအီလက်ထရွန်နစ်နှင့် IT နည်းပညာဝန်ကြီးအက်ဝီနီဗိုင်ရှနောက ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက ပြောကြားသည်။

အိန္ဒိယနိုင်ငံ၏ AI modelထုတ်လုပ်ရေးသည် ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံခန့်ကုန်ကျနိုင်ပြီး အစိုးရက ဖော်ဆောင်နေသည့် AI နည်းပညာမြှင့်တင်ရေးအစီအစဉ်တွင် ဘီလီယံနာတစ်ဦးဖြစ်သည့် မူကက်ရှ်အယ်ဘာနီ ၏ Jio Platform လည်း ပါဝင်လျက်ရှိသည်။

အယ်ဘာနီ၏ Jio Platform သည် ဂူဂျာရက်ပြည်နယ် ဂျမ်နာဂါမြို့တွင် ကမ္ဘာ့အကြီးဆုံး ဒေတာအချက်အလက် စင်တာ တစ်ခုကို တည်ထောင်ရန်ကြိုးပမ်းလျက်ရှိသည်ဟု Bloomberg ကယခုလအစောပိုင်းတွင်ဖော်ပြခဲ့သည်။

ထို့ပြင် အယ်ဘာနီဦးဆောင်သည့် Reliance Industries လုပ်ငန်းကြီးသည် ကမ္ဘာပေါ်တွင်အကြီးဆုံးရေနံစိမ်းသန့်စင်ရေး စက်ရုံကို အဆိုပါ မြို့တွင်ဖွင့်လှစ်ထားသည်။

အိန္ဒိယနိုင်ငံ၏ ထုတ်ဖော်ပြောကြားချက်သည် တရုတ်နိုင်ငံ၏ DeepSeek AI model ကြောင့် ကမ္ဘာ့နိုင်ငံများ အထူးသဖြင့် အနောက်နိုင်ငံများတွင် ဂယက် ရိုက်ခတ်မှုများဖြစ်ပွားပြီး နောက်ပိုင်းတွင် ထွက်ပေါ်လာခြင်းဖြစ်သည်။

တစ်ချိန်တည်းမှာပင် အခြားတရုတ်နည်းပညာကုမ္ပဏီကြီးတစ်ခုဖြစ်သည့် Alibaba သည် DeepSeek AI model ထက် ပိုမိုသာလွန်ကောင်းမွန်သည့် Qwen 2.5–Max ကို ထုတ်လုပ်နိုင်ခဲ့သည်ဟု တရုတ်နှစ်သစ်ကူးအခါသမယ တွင် ထုတ်ပြန်ခဲ့ခြင်း ကြောင့် ယခုအခါ AI နည်းပညာတွင် ပြိုင်ဆိုင်မှုသည် ပိုမိုကြီးထွားလာပြီဖြစ်သည် ဟုဆိုနိုင်သည်။

အဆိုပါပြိုင်ဆိုင်မှုတွင် တရုတ်ကုမ္ပဏီများ၏ ကုန်ကျစရိတ်သက်သာသည့် AI model များကြောင့် အမေရိကန်ပြည် ထောင်စုတွင် အခြေစိုက်ထားသည့် ကုမ္ပဏီအများစုမှာ အံ့အားသင့်ခဲ့ရသည့်အပြင် အစိုးရအဖွဲ့အတွက်ပါ စိုးရိမ်မကင်းဖြစ်စေ ခဲ့သည်။

အမေရိကန်နည်းပညာကုမ္ပဏီများအား ဂယက်ရိုက်စေခဲ့သည့်အရာမှာ DeepSeek က ထုတ်လုပ်ခဲ့သော DeepSeek R1 model ဖြစ်သည်။

၎င်း၏ စွမ်းဆောင်ရည်သည် OpenAI ကို ပခုံးချင်းယှဉ်နိုင်သည့်အပြင် Open source ဖြစ်ပြီး hardware ပိုင်း အရင်းအနှီး ကုန်ကျစရိတ်မှာသက်သာမှုရှိသောကြောင့်အမေရိကန်Nvidiaကဲ့သို့သောကုမ္ပဏီကြီး၏အစုရှယ်ယာများမှာဒေါ်လာ ၅၉၃ ဘီလီယံခန့်မှာ တစ်ရက်တည်းမှာပင် ထိုးကျသွားခဲ့ရသည်။

၎င်းဖြစ်စဉ်သည် အမေရိကန်စတော့ ဈေးကွက်သမိုင်းမှာ တစ်ရက်အတွင်း စတော့တန်ဖိုးကျဆင်းမှုအများဆုံး ပမာဏ ဖြစ် လာခဲ့သည်။

ထို့ပြင် ကမ္ဘာ့နိုင်ငံအများအပြားက DeepSeek ၏ စွမ်းဆောင်ရည်အပေါ် ကြိုက်နှစ်သက်ခဲ့ရာ ဇန်နဝါရီလ ၂၀ ရက်မှာ နောက်ဆုံး versionထွက်ပေါ်လာပြီး Apple Store ၌ လူအများဆုံး download ရယူခဲ့ရသည့် အပလီကေးရှင်းတစ်ခုဖြစ်လာ ခဲ့သည်။

တရုတ်နှင့်အမေရိကန်တို့၏ AI model များကြား ကွဲပြားစေသည့်အချက်မှာ ထုတ်လုပ်မှုကုန်ကျစရိတ်ဖြစ်ပြီး DeepSeek အနေဖြင့် ၎င်းတို့၏နောက်ဆုံးပေါ်AI ကို ထုတ်လုပ်ရန်အတွက် ဒေါ်လာ ၅ ဒသမ ၆ သန်းအသုံးပြုခဲ့ရပြီး OpenAI ကမူ ၂၀၂၄ ခုနှစ် တစ်နှစ်တည်းမှာ ဒေါ်လာ ၅ ဘီလီယံသုံးစွဲခဲ့ရသည်ဟု ပြောကြားခဲ့ခြင်းကြောင့် တရုတ်နိုင်ငံ၏ DeepSeek၏ ထုတ်လုပ်မှု ကုန်ကျစရိတ်မှာ အဆပေါင်းများစွာ ကွာခြားလျက်ရှိသည်။

ယခုအခါ Alibaba က DeepSeek AI model ထက်ပိုမိုသာလွန်ကောင်းမွန်သည့် Qwen 2.5 Max ကိုထုတ်လုပ်နိုင်ခဲ့သည်ဟု ထုတ်ပြန်ထားသည့်အပြင် အိန္ဒိယနိုင်ငံကလည်း ၎င်းတို့၏ AI model ကို ယခုနှစ်ကုန်ပိုင်းတွင် ထုတ်လုပ်မည်ဟု ဆိုထားသော ကြောင့် ကမ္ဘာ့နိုင်ငံများကြား AI နည်းပညာယှဉ်ပြိုင်မှုသည် အရှိန်အဟုန်ပြင်းထန်စွာ စတင်လာပြီဟုဆိုနိုင်သည်။

**Source : RT, Tomsguide**

https://myawady.net.mm/

## တရုတ်နိုင်ငံ၏ ကားထုတ်လုပ်သူ Geely သည် EV မော်ဒယ် Geely EX5 အား အင်ဒိုနီးရှားတွင် စတင်မိတ်ဆက်




တရုတ်နိုင်ငံ၏မော်တော်ကားကုမ္ပဏီ Geely Auto မှ Geely EX5 မော်ဒယ်ကို အင်ဒိုနီးရှားဈေးကွက်အတွက် ၎င်း၏ပထမဆုံး မော်ဒယ်အဖြစ် ဇန်နဝါရီ ၂၃ ရက်နေ့ကမိတ်ဆက်ခဲ့သည်။

အင်ဒိုနီးရှားသည် စမတ်ကျပြီး ရေရှည်တည်တံ့သော ရွေ့လျားသွားလာမှုအတွက် ဗဟိုချက်ဖြစ်လာရန် အလားအလာ ကောင်းများရှိကြောင်း အခိုင်အမာယုံကြည် ထားပြီး Geely သည် နည်းပညာ ရေရှည်တည်တံ့မှုနှင့် ထူးခြားသောမောင်းနှင်မှု အတွေ့အကြုံကိုဦးစားပေးသည့် ရွေ့လျားသွားလာမှုဆိုင်ရာ ဖြေရှင်းချက်များအားပေးဆောင်ရန် အဆင်သင့်ရှိကြောင်း Geely Auto International Corporation၏ ဒုတိယဥက္ကဌ Evin Ye က ပြောကြားခဲ့သည်။

ကုမ္ပဏီသည်ကျွန်းစုနိုင်ငံ၌ ဒေသန္တရမော်တော်ယာဉ်ထုတ်လုပ်ရန်အတွက် စက်ရုံတစ်ရုံကိုတည်ထောင်ပြီး ၂၀၂၅ ခုနှစ် တတိယသုံးလပတ်တွင် စတင်ထုတ်လုပ်နိုင်ရန်စီစဉ်ထားသည်။


ရင်းနှီးမြှုပ်နှံမှုနှင့်မြေအောက်စက်မှုဝန်ကြီးဌာနမှ အရှေ့အာရှ၊ တောင်အာရှ၊ အရှေ့အလယ်ပိုင်းနှင့် အာဖရိကရင်းနှီး မြှုပ်နှံမှုမြင့်တင်ရေးဒါရိုက်တာ **Cahyo Purnomo** က တရုတ်၏ရင်းနှီးမြှုပ်နှံမှုသည် ဆက်လက်တိုးတက်လာနေပြီးအထူးသဖြင့် အင်ဒိုနီးရှား၏ စက်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးသဖြင့်လျှပ်စစ်ကားကဏ္ဍတွင်အရေးကြီးသောအစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း ပြောကြားခဲ့သည်။

Geely Auto သည်နိုင်ငံပေါင်း ၁၀၀ ကျော်တွင်လုပ်ငန်းများလည်ပတ်နေသောတရုတ်နိုင်ငံ HongZhou အခြေစိုက်မော်တော်ယာဉ်ထုတ်လုပ်သူ Geely Holding Group ၏ လုပ်ငန်းခွဲတစ်ခုဖြစ်သည်။

**Source : DOCA(ရန်ကုန်)**

https://www.doca.gov.mm/

## နိုင်ငံ့စီးပွားရေးတိုးတက်စေရန်အတွက်သာမက ဥရောပ၏ **Silicon Valley** အဖြစ် ထွက်ပေါ်လာစေရန် ရည်ရွယ်ထားသည့် အောက်စဖို့-ကိန်းဘရစ် စီးပွားရေးစင်္ကြံ




ဗြိတိန်နိုင်ငံကဖော်ဆောင်မည့် အောက်စဖို့ကိန်းဘရစ် စီးပွားရေးတိုးတက်မှုစင်္ကြံသည်လာမည့် ၂၀၃၅ ခုနှစ်ခန့်တွင် နိုင်ငံ့စီး ပွားရေးအတွက်စတာလင်ပေါင် ၇၅ ဘီလီယံ ထွက်ပေါ်လာစေနိုင်သောကြောင့်အစိုးရအနေဖြင့် ၎င်းစင်္ကြံအတွင်းအခြေခံအဆောက်အဦစီမံကိန်းများဖော်ဆောင်ရေးကို ထောက်ပံ့ပေးမည်ဖြစ်ကြောင်း ဗြိတိန်ဘဏ္ဍာရေးဝန်ကြီးက ဇန်နဝါရီလ ၂၉ ရက်တွင် ပြောသည်။

အဆိုပါ စင်္ကြံတွင်မြို့ကြီးနှစ်မြို့ကို ဆက်သွယ်ပေးမည့် စီမံကိန်းများအပါအဝင်သယ်ယူပို့ဆောင်ရေးချိတ်ဆက်မှု အသစ်များ၊ အိမ်ရာစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် သောက်သုံးရေစီမံကိန်းများအပြင် ဉာဏ်ရည်တု AI နည်းပညာများ ပါဝင်မည်ဖြစ်သည်။

ဗြိတိန်နိုင်ငံသည် ၎င်းစင်္ကြံကို ဖော်ဆောင်ခြင်းအားဖြင့် နိုင်ငံ၏စီးပွားရေးတိုးတက်မှုအတွက် အထောက်အကူပြုစေရန်အတွက်သာမက ဗြိတိန်အား ဥရောပ၏ Silicon Valley အဖြစ်ထွက်ပေါ်လာစေရန်ရည်ရွယ်ထားခြင်းဖြစ်သည်။

လက်ရှိတွင် အဆိုပါအောက်စဖို့ကိန်းဘရစ် စီးပွားရေးတိုးတက်မှုစင်္ကြံတွင် စီးပွားရေးလုပ်ငန်းအများအပြားက ရင်းနှီးမြှုပ်နှံမှုများလုပ်ဆောင်မည်ဟု ကြေညာထားပြီးဖြစ်သည်။

ရင်းနှီးမြှုပ်နှံသည့်ကုမ္ပဏီများတွင် အမေရိကန်ဆေးဝါးကုမ္ပဏီတစ်ခုဖြစ်သည့် moderna ပါဝင်လျက်ရှိပြီး ၎င်းကုမ္ပဏီက အောက်စဖို့ရှိုင်းယားတွင် စတာလင်ပေါင် တစ်ဘီလီယံရင်းနှီးမြှုပ်နှံထားသည်။

ထို့ပြင် အစိုးရအနေဖြင့် နိုင်ငံအတွင်းရှိ လျှပ်စစ်ကားများအတွက် အားသွင်းပေးနိုင်သည့်ကွန်ရက်အား အဆင့်မြှင့်တင်ရန် စတာလင်ပေါင် ၆၅ သန်း၊ ဆိုလာပြားများ၊ လေစွမ်းအင်သုံးတာဘိုင်များနှင့် လျှပ်စစ်ကားများ အတွက် လိုအပ်သည့် ကုန်ကြမ်းများအတွက် စတာလင်ပေါင် ၂၈ သန်းအသုံးပြုမည်ဖြစ်သည်။

**Source : Pbctoday**

https://myawady.net.mm/

## ဇမ်ဘီယာနိုင်ငံ၏ ကြေးနီထုတ်လုပ်မှုမှာ စံချိန်တင်မြင့်မားလျက်ရှိ



ဇမ်ဘီယာနိုင်ငံ၏ ကြေးနီထုတ်လုပ်မှုသည် ၂၀၂၃ ခုနှစ်နှင့်နှိုင်းယှဉ်ပါက ၂၀၂၄ ခုနှစ်တွင် တိုးလာကြောင်း အကြီးတန်းအစိုးရအရာရှိတစ်ဦးက ဇန်နဝါရီ ၂၃ ရက်နေ့ကပြောကြား ခဲ့သည်။

မိုင်းတွင်းနှင့် ဓာတ်သတ္တုတွင်းဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီး Paul Kabuswe မှ ဇမ်ဘီယာနိုင်ငံ သည် ၂၀၂၃ ခုနှစ်ကကြေးနီမက်ထရစ်တန်ချိန် ၇၃၂,၅၈၃ ထုတ်လုပ် ခဲ့ပြီး ၂၀၂၄ ခုနှစ်တွင် မက်ထရစ် တန်ချိန် ၈၂၀,၆၇၆ ထုတ်လုပ်နိုင်ခဲ့ကြောင်း နှိုင်းယှဉ်ပြောကြားချက်အရသိရသည်။

ထုတ်လုပ်မှုတိုးတက်နှုန်းမှာ ၁၂ ရာခိုင်နှုန်းတိုးလာခဲ့ပြီး နိုင်ငံ၏ အကြီးမားဆုံးမိုင်းတွင်းနှစ်ခု ဖြစ်သည့် Konkola Copper Mines နှင့် Mopani Copper Mines တို့တွင် အကြီးစားသတ္တုတူးဖော်ခြင်းနှင့်လုပ်ငန်းပြန်လည်စတင်ခြင်းများကြောင့် အဓိက အားဖြင့် ရင်းနှီးမြှုပ်နှံမှုများတိုးလာခြင်းကြောင့်ဖြစ်ကြောင်း တာဝန်ရှိသူက ဆိုသည်။

ဓာတ်သတ္တုထုတ်လုပ်မှုတိုးမြင့်လာပြီး အထူးသဖြင့် ၂၀၃၁ ခုနှစ်တွင် နှစ်စဉ်ကြေးနီတန်ချိန် ၃ သန်းခန့် ရရှိရန် လုပ်ဆောင်ခြင်းအား အဓိကအာရုံစိုက်လျက်ရှိကြောင်း Kabuswe က သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြောကြားခဲ့သည်။

**Source : DOCA(ရန်ကုန်)**

## STOCK EXCHANGE (3.2..2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 3rd Feb. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,458 (Shares) | 15,715,300 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,500 | +0 | +0.00% | 7,400 | 7,500 | 7,400 | 1,186 | 8,788,000 | 33,109,694 | 248,323 |
| MTSH | 00002 | 3,100 | +0 | +0.00% | 3,100 | 3,100 | 3,050 | 100 | 305,650 | 38,929,150 | 120,680 |
| MCB | 00003 | 8,400 | -100 | -1.18% | 8,400 | 8,400 | 8,400 | 15 | 126,000 | 10,400,986 | 87,368 |
| FPB | 00004 | 1,800 | -50 | -2.70% | 1,800 | 1,800 | 1,800 | 126 | 226,800 | 29,664,613 | 53,396 |
| TMH | 00005 | 3,200 | +0 | +0.00% | 3,200 | 3,200 | 3,200 | 0 | 0 | 12,823,224 | 41,034 |
| EFR | 00006 | 1,650 | +0 | +0.00% | 1,650 | 1,650 | 1,600 | 521 | 834,650 | 19,977,223 | 32,962 |
| AMATA | 00007 | 3,900 | -100 | -2.50% | 3,700 | 3,900 | 3,700 | 1,129 | 4,253,100 | 10,497,598 | 40,941 |
| MAEX | 00008 | 3,100 | +0 | +0.00% | 3,100 | 3,100 | 3,100 | 381 | 1,181,100 | 23,804,946 | 73,795 |

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 3rd Feb. 2025

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 370.32 | -1.90 | -0.51% | 368.24 | 370.32 | 367.77 | 3,458 | 15,715,300 | 8 | 698,499 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 3rd Feb. 2025

| Trading Volume | Trading Value |
|---|---|
| 3,565 (Shares) | 15,991,950 (MMK) |

### Main Board

As of 1:00 pm, 3rd Feb. 2025

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,458 (Shares) | 15,715,300 (MMK) |

| MYANPIX | 370.32 ▼ 1.90 |
|---|---|
| Total Volume (shares) | 3,458 |
| Total Value (MMK) | 16 mil |
| Listed Company | 8 |
| Market Cap. (MMK) | 698,499 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,500 | ▲ 0 |
| MTSH | 00002 | 3,100 | ▲ 0 |
| MCB | 00003 | 8,400 | ▼ 100 |
| FPB | 00004 | 1,800 | ▼ 50 |
| TMH | 00005 | 3,200 | ▲ 0 |
| EFR | 00006 | 1,650 | ▲ 0 |
| AMATA | 00007 | 3,900 | ▼ 100 |
| MAEX | 00008 | 3,100 | ▲ 0 |

TIR